ရေမဲပင်ကျေးရွာ
ကျွန်းကြီးကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်

၂၀၂၂ - ၂၀၂၃ခု ဘဏ္ဍာရေးနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ရေမဲပင်ကျေးရွာ၊ ကျွန်ကြီးကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ မတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကျေးရွာ သယံဇာတပြမြေပုံ၊	၄
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၇
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၇
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၇
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေးဇယား	၇-၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၇။	ပညာရေး	၉
၈။	ကျန်းမာရေး	၉-၁၀
၉။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၀
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၀
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၀
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၁
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	
	စီမံချက် အဆိုပြုလွှာ (၁)	၁၂-၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅-၁၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၄-၁၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ရေမဲပင်ကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်ရွှေမြို့နယ်



ရေမဲပင်ကျေးရွာ ရာသီခွင်ပြ ပြကွဒိန်၊ ညောင်ရွှေမြို့နယ်



ရေမဲပင်ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ၊ ညောင်ရွှေမြို့နယ်



အပိုင်း (က)
ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ရေမဲပင်ကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ် ကျွန်းကြီးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ညောင်ရွှေမြို့၏ တောင်ဘက်(၁၃)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် အင်းလေးကန်၊ မြောက်ဘက်တွင် ရှမ်းရွာလယ်ပြင်ကျေးရွာ၊ တောင်ဘက်တွင် ကျေးရွာပိုင် ကျွန်းမျှောစိုက်ခင်းများနှင့်အနောက်ဘက်တွင် ကျွန်းကြီးတောင်ကျေးရွာတို့နှင့်ထိစပ်၍ တည်ရှိနေပါသည်။ ကျေးရွာတွင် အင်းသားလူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ရေမဲပင်ကျေးရွာ၏ ရာသီဥတုမှာ အေးမြစွတ်စိုသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၅၇.၅)ဧကာ၊ ကျွန်းမျှော(၅၂.၅၄)ဧကနှင့် မြေလွတ်မြေလပ်(၆.၃၄)ဧကာ စုစုပေါင်း စိုက်ပျိုးဧက(၁၁၆.၇၈)ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသဖြင့် ဓါတ်မြေဩဇာ အသင့်အတင့်သာ သုံးစွဲ၍ စိုက်ပျိုးနိုင်ပါသည်။ ကျေးရွာတွင် သဘာဝအပင်မျိုးစိတ်၊ တိရိစ္ဆာန်မျိုးစိတ်များ၊ မြေပေါ်ရေနှင့် မြေအောက်ရေများ အသင့်အတင့်တွေ့ရှိရသော်လည်း အသုံးရန်ခက်ခဲပါသည်။ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းအမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ရေမဲပင်ကျေးရွာတွင် အိမ်ခြေ(၁၂၆)အိမ်၊ အိမ်ထောင်စု(၁၃၉)စု၊ လူဦးရေပေါင်း (၄၈၅)ဦး ရှိပါသည်။ အိမ်ခြေနှင့် လူဦးရေ အချိုးညီမျှသည်ဟု ယူဆပါသည်။ ကျေးရွာတွင် (၁၄)နှစ်အောက်ကလေးသည် အသင့်အတင့်ရှိပြီး (၆၅)နှစ်နှင့်အထက် သက်ကြီးရွာအိုများ စုစုပေါင်း(၃၆)ဦးခန့် ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် လူဦးရေမှာ(၆၈%)ခန့်သာရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်နိုင်မှုအားကောင်းသောကျေးရွာ ဖြစ်ပါသည်။ ကျေးရွာတွင် ကျား-မဦးရေ အနည်းငယ် ကွာဟမှု ရှိပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ရေမဲပင်ကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် ကျေးရွာရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူးနှင့် လူငယ်ခေါင်းဆောင်၊ အခြားကော်မတီ/အဖွဲ့အစည်းတို့မှ ဦးဆောင်၍ ကျေးရွာတွင်းရှိ ကျေးရွာသူ/သားများတို့မှ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု လက်လှမ်းမီသဖြင့် ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများဖြစ်သော UNDP၊ Allience၊ Procimityချေးငွေအဖွဲ့များနှင့် ဓမ္မစကူးလ် ဖောင်းဒေးရှင်းတို့မှ ချေးငွေများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ဝင်ရောက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ဇယား:

ရေမဲပင်ကျေးရွာတွင် စိုက်ပျိုးမြေများကို စပါး၊ ခရမ်းချဉ်သီးတို့ကို အဓိက စိုက်ပျိုးကြပါသည်။ သီးနှံများကို မတ်လမှ အောက်တိုဘာလအထိသည် စိုက်ပျိုးချိန် ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အများဆုံးအသက်မွေးဝမ်းကျောင်းပြုကြသဖြင့် ကျပန်းလုပ်ငန်းနှင့် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများ အနည်းငယ်သာ ရှိပါသည်။

စိုက်ပျိုးမြေများသည် ကျေးရွာအနီးပတ်ဝန်းကျင်တွင်သာရှိသဖြင့် နှစ်စဉ်ပြုပြင်၍ စိုက်ပျိုးကြပါသည်။စိုက်ပျိုးမြေအား အသုံးချ၍ရနိုင်သည့် အတိုင်းအတာအထိ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိအိမ်ထောင်စု(၉၅)စုသာ စိုက်ပျိုးမြေအနည်းငယ်စီပိုင်ဆိုင်ပါသည်။ စိုက်ပျိုးမြေ ထပ်မံတိုးချဲ့၍ မရသဖြင့် မြေယာမဲ့အိမ်ထောင်စု(၄၄)စုခန့် ရှိပါသည်။

စိုက်ပျိုးရေရရှိရန် သန်းတောင်ချောင်းရေနှင့် အင်းလေးကန်ရေကို အဓိကအားထား၍ စိုက်ပျိုးကြပါသည်။ သီးနှံများသည် ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေ မှန်ကန်မှုအပေါ်မူတည်၍ အထွက်နှုန်းကောင်းသည့် နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများသဖြင့် ခေတ်မီစိုက်ပျိုးရေးသုံးစက်ကိရိယာလည်း အသင့်အတင့်ပိုင်ဆိုင်ပါသည်။ စိုက်ပျိုးမြေများတွင် သဘာဝမြေဩဇာများ အသုံးမပြုနိုင်သဖြင့် ဓါတ်မြေဩဇာများကိုသာ အသုံးပြုကြရပါသည်။ ဓါတ်မြေဩဇာများကို နန်းပန်စေ့းနှင့် ညောင်ရွှေစေ့း/ မြို့တို့တွင် ဝယ်ယူရရှိနိုင်သည်။ ထွက်ကုန်များကို နီးစပ်ရာစေ့းတွင်လည်းကောင်း၊ ညောင်ရွှေစေ့း/ မြို့တွင်လည်းကောင်း ရောင်းချနိုင်သည်။ ဆေးဆိုင်များမှ ရောင်းချသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြသည်။ ပိုးသတ်ဆေးသုံး၍ မိမိတို့၏ စိုက်ခင်းများကို ကာကွယ်ကြကြောင်း တွေ့ရပါသည်။ အချို့နှစ်တွင် ပိုးအနည်းငယ်ကျရောက်မှုရှိသဖြင့် စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်၍ နည်းပညာတောင်းခံရသည့်နှစ်လည်း ရှိပါသည်။ ယခုနှစ်တွင် ရာသီဥတုမှန်သောကြောင့် သီးနှံအထွက်နှုန်းအသင့်အတင့်ကောင်းပါသည်။ ကျေးရွာရှိ တောင်သူများသည် ငွေကြေးအခက်အခဲဖြစ်ပေါ်ပါက အစိုးရစိုက်ဘဏ်၊ သမဝါယမဦးစီးဌာနတို့တွင်လည်းကောင်း၊ UNDP၊ Allience၊ Procimity ချေးငွေတို့ကိုလည်းကောင်း၊ ကျေးရွာတွင်းရှိ ငွေတိုးချေးသူများနှင့် မိတ်ဆွေဆွေမျိုးများထံတို့တွင်လည်းကောင်း ချေးငွေများချေးယူ၍ အခက်အခဲများ ဖြေရှင်းကြရပါသည်။ သီးနှံပေါ်ချိန်နှင့် ပြေလည်ချိန်တို့တွင် ပြန်လည်ပေးဆပ်ရပါသည်။ အချို့နှစ်များသည် ဖျက်ပိုးများကျရောက်ခြင်းနှင့် ချောင်းရေကြီးခြင်းတို့ ကြုံရပါက သီးနှံများ ဆုံးရှုံးမှုများဖြစ်ပေါ်သဖြင့် ပေးဆပ်ရန် ခက်ခဲကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြခြင်း၊ စားကျက်မြေရှားပါးခြင်းနှင့် နည်းပညာလက်လှမ်းမီမှုအားနည်းခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ် လုပ်ကိုင်သူများမရှိပါ။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် နည်းပညာဝန်ဆောင်မှုများ၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်ပါသည်။ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်မှုလည်းအားနည်းပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူ အနည်းငယ်သာရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းများတိုးတက်ရန်အတွက် သက်/မွေးသင်တန်းများဖြစ်သည့် ဝပ်ရှော့နှင့် အပ်ချုပ်သင်တန်းကဲ့သို့သော သင်တန်းများ ဖွင့်လှစ်ပေးရန်နှင့် အရင်းအနှီးများထူထောင်ပေးရန်လိုအပ်လျက် ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ချေးငွေများအား ကျေးရွာပြင်ပအဖွဲ့အစည်းများဖြစ်သည့် ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများဖြစ်သော အစိုးရစိုက်ဘဏ်နှင့် သမဝါယမချေးငွေကိုလည်းကောင်း၊ UNDP၊ Allience၊ Procimityချေးငွေအဖွဲ့များ၏ ချေးငွေများကိုလည်းကောင်း ချေးငွေများ ရယူကြပါသည်။ အဆင်မပြေသောမိသားစုများသည် ငွေကြေးအခက်အခဲများဖြစ်ပေါ်ပါက မိတ်ဆွေ၊ ဆွေမျိုးများထံ၌သာ ပမာဏအနည်းငယ် ချေးယူ၍ အခက်အခဲကို

ဖြေရှင်းကြရပါသည်။ ငွေကြေးနှင့် ပတ်သက်၍ အမျိုးသား၊ အမျိုးသမီးများအားလုံး လက်လှမ်းမီမှု ရှိပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျွန်ုပ်တို့ကျေးရွာတွင် လှေ၊ စက်လှေ၊ ဆိုင်ကယ် အများဆုံး ပိုင်ဆိုင်ကြပါသည်။ ကျေးရွာသည် ယခင်က ရေလမ်းကြောင်းကို အဓိကသယ်ယူပို့ဆောင်ကြသော်လည်း ယခုအခါ အင်းလေးကန်ပတ်လမ်း ပိုမိုကောင်းမွန်လာပြီဖြစ်သဖြင့် သယ်ယူပို့ဆောင်ရေးအား ကုန်းလမ်းကို ပိုမိုအသုံးပြုလာပြီဖြစ်သဖြင့် အဓိကသယ်ယူပို့ဆောင်ရေးသည် ကုန်းလမ်းဖြင့် ဆိုင်ကယ်ယာဉ်များ ဖြစ်ပါသည်။ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများသည် လူသွားမြေသားလမ်းများသာဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကျေးရွာ ဖြစ်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရောက်ရှိသဖြင့် အိမ်ထောင်စု(၁၃၉)စုလုံးသည် လျှပ်စစ်မီး အသုံးပြုကြပြီး မီးနှင့်ပတ်သက်၍ ပြုပြင်ထိန်းသိမ်းမှုအားကောင်းသော်လည်း ပျက်စီးပါက ပြုပြင်ရန် အခက်အခဲရှိပါသည်။(၂၄)နာရီလျှပ်စစ်ဓါတ်အားရရှိသော ကျေးရွာဖြစ်သဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူပြုပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဆက်သွယ်ရေးမှာ ညောင်ရွှေမြို့နှင့်အလှမ်းဝေးသော်လည်း ဖုန်းဆက်သွယ်ရေးလိုင်းကောင်းမွန်သဖြင့် သတင်းနှင့် ဆက်သွယ်ရေးကဏ္ဍတွင် လက်လှမ်းမီမှုရှိပါသည်။ သတင်းနှင့်ဆက်သွယ်ရေး ကဏ္ဍတွင် အချိန်နှင့်တပြေးညီရရှိနိုင်သဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုပါသည်။ ကျေးရွာတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ သတင်းအချက်အလက်များ လက်လှမ်းမီမှု ရှိပါသည်။

၇။ ပညာရေး

ကျေးရွာလူဦးရေ စုစုပေါင်း(၄၈၅)ဦးတွင် တက္ကသိုလ်တက်ရောက်ဆဲနှင့် တက္ကသိုလ်အဆင့်ပြီး သူ(၄၂)ဦးခန့်ရှိသဖြင့် ပညာရေးကဏ္ဍအားကောင်းခြင်းကို ဖော်ပြလျက်ရှိပါသည်။ကျေးရွာတွင် အလယ်တန်းကျောင်းရှိသဖြင့် အလယ်တန်း၊ အထက်တန်းအဆင့်ထိ ကျောင်းပြီးသူဦးရေများပြီး လက်ရှိတွင် မူလတန်းကျောင်းထွက်ဦးရေ အနည်းငယ်သာ ရှိပါသည်။ အထက်တန်းနှင့် တက္ကသိုလ်တန်းကို နီးစပ်ရာ ကျေးရွာ/မြို့သို့ သွားရောက်၍ ဆက်လက်ပညာသင်ကြားကြရပါသည်။

၈။ ကျန်းမာရေး

ကျန်းမာရေးအသိပညာဗဟုသုတအသင့်အတင့်ရှိသဖြင့် ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျောရောဂါ ၊ ဆီးချို၊ သွေးတိုး၊ အသည်းရောဂါ၊ တီဘီရောဂါတို့ ဖြစ်ပွားမှုအနည်းငယ်ရှိသော်လည်း အခြားရောဂါများ ဖြစ်ပွားမှု မရှိပါ။ ကျေးလက်ကျန်းမာရေးဌာနမရှိသဖြင့် နီးစပ်ရာကျေးရွာရှိ ဆေးရုံ/ဆေးခန်းတွင် သွားရောက်ဆေးကုသရပါသည်။ ဆေးရုံ/ ဆေးခန်းနှင့် အလှမ်းဝေးသဖြင့် ဆေးဝါးကုသမှု လက်လှမ်းမီမှု အားနည်းပါသည်။ လွန်ခဲ့သော(၁၂)လအတွင်း ကျေးရွာ၌ ကျွန်းကြီးကျေးလက်ကျန်းမာရေးဌာနမှ ကာကွယ်ဆေးများ ပြည့်စုံစွာလာရောက်ထိုးနှံပေးသည့်အပြင် အဟာရအသိပညာပေးအစီအစဉ်လည်း ပြုလုပ်ဆောင်ရွက်ပေးပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၌ ဇီဝဓါတ်မြေဩဇာကို အသုံးပြု၍ စိုက်ပျိုးကြရပါသဖြင့် မြေဆီဩဇာများ ပျက်စီးယိုယွင်းလာခြင်း၊ လူဦးရေတိုးပွားလာသဖြင့် သောက်သုံးရေရှားပါးလာခြင်း စသည့် ဘေးအန္တရာယ်များ ကြုံတွေ့လာရပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုအနေဖြင့် စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုစနစ် ကျင့်သုံးခြင်း မရှိသေးသဖြင့် စွန့်ပစ်အမှိုက်များနှင့်ပတ်သက်၍ အခက်အခဲ အနည်းငယ်ကြုံတွေ့နေရပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အမျိုးသမီးများသည် စီမံအုပ်ချုပ်ရေးစနစ်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု တို့အပြင် အခြားကဏ္ဍနှင့်အဖွဲ့အစည်းအသီးသီးတွင် အမျိုးသားများနှင့်တန်းတူ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများနှင့် အမျိုးသားများ၏ နေ့စားလုပ်အားခရရှိမှုသည် အနည်းငယ်သာ ကွာဟမှုရှိသော်လည်း သတင်းအချက်အလက်နှင့် ငွေကြေးလက်လှမ်းမီမှုတို့တွင် အမျိုးသားနှင့်တန်းတူ အခွင့်အလမ်းရရှိပါသည်။ ကျေးရွာရှိ အမျိုးသမီးများသည် အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာ အသိအမြင်များ အသင့်အတင့်ရှိပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် ဘာသာရေးပွဲအပြင် အခြားပျော်ပွဲရွင်ပွဲများကျင်းပပေးခြင်း မရှိပါ။ ကျေးရွာ လူငယ်များသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ကြပါသည်။ လူငယ်အတွက် အားကစားကွင်းနှင့် အထောက်အကူပြုပစ္စည်းများမရှိခြင်းကြောင့် လူငယ်များသည် အခြားအားကစားနှင့် ကျန်းမာရေး လိုက်စားမှု အားနည်းလျက် ရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအတွက် အစီအမံများနှင့် အဖွဲ့များဖွဲ့စည်းထား ခြင်း မရှိပါ။ ထို့ပြင် သက်ဆိုင်ရာဌာနများမှ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူပြုမှုများအား လက်လှမ်းမီမှု မရှိပါ။ ကျေးရွာရာအိမ်မှူးမှ ဦးဆောင်၍ ကျေးရွာတွင်းရှိ အဖွဲ့အစည်းအသီးသီးမှ ဝိုင်းဝန်းထိန်းသိမ်းကြသဖြင့် မိမိတို့ကျေးရွာသည် တရားဥပဒေစိုးမိုး၍ စည်းလုံးညီညွတ်သော ကျေးရွာဖြစ်သောကြောင့် မူခင်းဖြစ်ပွားမှုများ မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇
၁	ကွန်ကရစ်မီးတိုင်လဲလှယ်ခြင်း(10M(၄၀)တိုင်)	၁	✓				
၂	စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလံ(၅၀၀၀)ဆံ့ရေကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်း	၂		✓			
၃	သက်/မွေးသင်တန်းဖွင့်လှစ်ပေးခြင်း(အပ်ချုပ်၊ ဝပ်ရှော့)	၃		✓			
၄	စိုက်ပျိုးရေးသုံးစက်ကိရိယာများထောက်ပံ့ပေးခြင်း(လယ်ထွန်စက်၊ ရိတ်စက်)	၄		✓			
၅	စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်နှင့် ဓါတ်မြေဩဇာထောက်ပံ့ပေးခြင်း	၅		✓			
၆	ရေမဲပင်ကျေးရွာ-ကျွန်းကြီးတောင်ကျေးရွာချင်းဆက်လမ်းကျောက်ခင်းခြင်းနှင့် လမ်းပေါ်ရှိတံတား(၂)စင်းတည်ဆောက်ခြင်း(၈၀၀၊ ၁၃' ×၁၅'×၈')	၆			✓		
၇	အားကစားကွင်းဆောင်ရွက်ခြင်း(၈၀' ×၅၀')	၇				✓	
၈	ခန်းမဆောင်တည်ဆောက်ခြင်း(၄၀' ×၃၀'×၁၂')	၈				✓	
၉	ကျေးလက်အိမ်ယာ(၅)လုံးတည်ဆောက်ခြင်း(၃၀' ×၁၈'×၁၂')	၉				✓	
၁၀	ကျေးရွာပိုင်စာကြည့်တိုက်တည်ဆောက်ခြင်း(၃၀' ×၃၀'×၁၂')	၁၀					✓
၁၁	မီးသတ်စက်ထောက်ပံ့ပေးခြင်း(၅၀W(၁)လုံး)	၁၁					✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	– ရေမဲပင်ကျေးရွာ
ကျေးရွာအုပ်စု	– ကျွန်းကြီးကျေးရွာအုပ်စု
မြို့နယ်	– ညောင်ရွှေမြို့နယ်
တိုင်း/ပြည်နယ်	– ရှမ်းပြည်နယ်(တောင်ပိုင်း)
စီမံချက်အမည်	– သစ်သားမှ ကွန်ကရစ်မီးတိုင်လဲလှယ်ခြင်းလုပ်ငန်း(10 M (40)တိုင်)

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

ရေမဲပင်ကျေးရွာတွင် လက်ရှိအသုံးပြုလျက်ရှိသော ခါတ်တိုင်များသည် ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်ထားသည့် သစ်သားတိုင်များဖြစ်ပြီး အချိန်ကာလကြာမြင့်ပြီဖြစ်သဖြင့် အချို့တိုင်များကျိုးခြင်း၊ အောက်ခြေဆွေးခြင်းရှိပါသည်။ သို့ဖြစ်ပါ၍ မီးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် အချိန်မီလဲလှယ်ရန်လိုအပ်ခြင်းကြောင့် ဤစီမံချက်ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

ကျေးရွာသူ/သားများအား လျှပ်စစ်အန္တရာယ်များမှ ကြိုတင်ကာကွယ်ရန်နှင့် (၂၄)နာရီအချိန်ပြည့်မီးရရှိနိုင်ရန် ရည်ရွယ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

လျှပ်စစ်ဖြင့် လည်ပတ်လျက်ရှိသော ယက္ကန်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခြင်းနှင့် ပုံမှန်လည်ပတ်နိုင်ခြင်းတို့ကြောင့် မိသားစုဝင်ငွေများပိုမိုတိုးပွာလာစေမည် ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်)

မီးတိုင်လဲလှယ်ခြင်းလုပ်ငန်းအား ခန့်မှန်းကုန်ကျငွေကျပ် (၁၀၂၀၀၀၀၀/)ဖြင့် ဆောင်ရွက်သွားပါမည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• ၁၀၀၀၀၀၀၀/-(ငွေသား) • - /- (ငွေသား) • ၂၀၀၀၀၀/- (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၂၃၉	၂၄၆	၄၈၅	၂၁	၃၄	၄၆	၃၈	၁၃၉
အကျိုးခံစားမည့်သူ ဦးရေ	၂၃၉	၂၄၆	၄၈၅	-	-	-	-	-
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ - ကျေးရွာလူထု - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - (၃၁.၁.၂၀၂၃)
(၃) စီမံချက် ပြီးစီးမည့် အချိန် - (၂၈.၂.၂၀၂၃)
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာသူ/သားများ လိုအပ်သည့် လုပ်သားအင်အားများကို လုပ်အားပေးရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ကျေးရွာအတွင်း အသံချဲ့စက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများမှ အပိုင်းလိုက် နှိုးဆော်၍လည်းကောင်း ဆောင်ရွက်သွားပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့်ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မီးတိုင်များရေရှည်တည်တံ့ရေးနှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် ကျေးရွာရှိ မီးလင်းရေးကော်မတီအား လုပ်ငန်းကို စနစ်တကျလွှဲပြောင်းပေးသွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

ရေမဲပင်ကျေးရွာ၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးထွန်းလင်းဦး	ဦးအုံးစိန်	၁၃/ညရန(နိုင်)၀၅၃၇၉၆	၄၆	ဥက္ကဋ္ဌ	၀၉-၇၉၇၇၂၅၄၄၆
၂။	ဦးမျိုးမြင့်	ဦးအောင်လှ	၁၃/ညရန(နိုင်)၀၆၈၄၃၃	၄၈	အတွင်းရေးမှူး	၀၉-၉၆၀၈၈၂၅၆၉
၃။	ဒေါ်မွန်မွန်မျိုး	ဦးမျိုးတင့်	၁၃/ညရန(နိုင်)၁၂၈၄၁၀	၂၃	ဘဏ္ဍာရေးမှူး	၀၉-၄၂၈၄၄၇၁၈၇
၄။	ဦးဗိုလ်ဗိုလ်အောင်	ဦးမြင့်အောင်	၁၃/ညရန(နိုင်)၀၆၁၇၁၈	၄၁	စာရင်းကိုင်	၀၉-၂၆၇၅၂၈၂၂၈
၅။	ဦးအောင်နိုင်စိုး	ဦးသန်းမောင်	၁၃/ညရန(နိုင်)၀၃၄၃၁၆	၅၁	အဖွဲ့ဝင်	၀၉-၄၂၈၃၄၅၂၈၂
၆။	ဒေါ်ညိုအေး	ဦးလုံး	၁၃/ညရန(နိုင်)၀၃၅၆၆၅	၅၈	အဖွဲ့ဝင်	၀၉-၄၂၈၃၇၁၅၉၂
၇။	ဒေါ်မြင့်တင်	ဦးထွန်းကြိုင်	၁၃/ညရန(နိုင်)၀၆၈၆၀၄	၄၄	အဖွဲ့ဝင်	၀၉-၆၈၇၈၇၃၄၀၄
၈။	ဒေါ်ဇင်ပွင့်ဝေ	ဦးအောင်မင်း	၁၃/ညရန(နိုင်)၁၂၈၃၉၇	၂၄	အဖွဲ့ဝင်	၀၉-၈၉၄၁၁၈၄၀၀
၉။	ဒေါ်ခင်ဆွေဦး	ဦးစံလှ	၁၃/ညရန(နိုင်)၁၆၉၉၆၈	၃၄	အဖွဲ့ဝင်	၀၉-၂၆၉၉၀၁၅၆၂
၁၀။	ဦးဖြိုးအောင်	ဦးဝင်းနိုင်	လျှောက်ထားဆဲ	၂၃	အဖွဲ့ဝင်	၀၉-၄၅၈၅၂၅၇၃၂
၁၁။	ဦးအောင်ကျော်ဆန်း	ဦးသိန်းအောင်	၁၃/ညရန(နိုင်)၀၉၂၅၉၇	၄၀	အဖွဲ့ဝင်	၀၉-၄၀၁၉၄၄၁၈၂

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၃	-	၃	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၂	၁၈	၂၂	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၈	၂၂	၃၀	-	၁
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၆	၂၇	၅၃	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၆၃	၁၆၈	၃၃၁	-	၁
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၇	၁၉	၃၆	၁	-
စုစုပေါင်း		၂၃၉	၂၄၆	၄၈၅	၁	၂
စုစုပေါင်း အိမ်ထောင်စု		၁၃၉				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာတွင် အိမ်ခြေ(၁၂၆)၊ အိမ်ထောင်စု(၁၃၉)စုရှိပြီး လူဦးရေ၏(၆၈%)ခန့်သည် အလုပ်လုပ်နိုင်သည့် လူဦးရေများဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းသောကျေးရွာ ဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုငေ ျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၉၅	၁၉၉	၂၀	၁၈	၃၇	၄၇	မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၅	၁၃	၁	၂	၃	၁	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရုပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၁	၂					မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁					မြင့် ☐ လတ်☐ နိမ့် ☑
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၂					မြင့် ☐ လတ်☐ နိမ့် ☑
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁	၁					မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၃၅	၄၉	-	-	-	၂၂	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၁၃၉	၂၆၆	၂၁	၂၀	၄၀	၇၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်

လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/

ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာ၏ ဘေးပတ်ဝန်းကျင်တွင် စိုက်ပျိုးရေးခြံများသာရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးအသက်မွေးဝမ်းကျောင်းပြုကြပြီး ကျပန်းနှင့် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများ အနည်းငယ်သာ ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၇၀၀၀	-	၅၀၀၀	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာတွင် ပုံမှန်ချိန်၌ ကျား-မ လုပ်အားခရရှိမှု ကွာဟမှုမရှိပါ။ သို့သော် စပါးကောက်စိုက်ချိန်တွင် အမျိုးသမီးများ၏ လုပ်အားခသည် အမျိုးသားများထက် လုပ်အားခပိုမိုရရှိသည်ကို တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၅၇.၉	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်းမျှော)	၅၂.၅၄	ကောင်း ☐	သင့်☑	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	၆.၃၄	ကောင်း ☐	သင့်☑	ညံ့ ☐
စုစုပေါင်း	၁၁၆.၇၈	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာတွင် လယ်မြေ(၅၇.၉)ဧက၊ ကျွန်းမျှော(၅၂.၅၄)ဧကနှင့် မြေလွတ်မြေလပ် (၆.၃၄)ဧက စုစုပေါင်းစိုက်ပျိုးမြေ(၁၁၆.၇၈)ဧက ရှိပါသည်။စိုက်ပျိုးမြေများ၏ မြေဆီလွှာအရည်အသွေးသည် အသင့်အတင့်ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☑ နည်း ☐မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☑ နည်း ☐မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ကျောက်အနည်းငယ်တွေ့ရှိရပြီး သဘာဝအပင်၊ တိရိစ္ဆာန်မျိုးစိတ်များ၊ မြေပေါ်/မြေအောက်ရေများ အသင့်အတင့်တွေ့ရှိရသော်လည်း အသုံးချရန်ခက်ခဲပါသည်။ အခြားဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ မတွေ့ရှိရပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိေသာအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၁	၃၄	၄၆	၃၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာတွင် စိုက်ပျိုးမြေမလုံလောက်ခြင်းနှင့် ဝင်ငွေရအလုပ်အကိုင်အခွင့်အလမ်းနည်းခြင်းတို့ကြောင့် ကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အများစုသည် မပြေလည်သော သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများ ဖြစ်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၁၁	၄	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၁၁ ချေးယူ = ၉ လုပ်အားခကြိုယူ = ၇
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု	၁၄	၃	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၁၃ ချေးယူ = ၁၃ လုပ်အားခကြိုယူ = ၁၀
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄)၏(၃၀%)ဖြစ်သော အိမ်ထောင်စု(၁၅)စုအား ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု(၁၁)စုသည် (၃)လအောက်သာဝမ်းစာဖူလုံကြပြီး အိမ်ထောင်စု(၁၄)စုမှာ (၃)လမှ (၆)လကြားတွင် ဝမ်းစာဖူလုံကြပါသည်။ အခက်အခဲများကို ဆွေမျိုးများထံတွင် အထောက်အပံ့ယူခြင်း၊ လုပ်အားခများကြိုယူခြင်းနှင့် ချေးငွေချေးယူခြင်းဖြင့် ဖြေရှင်းကြကြောင်း တွေ့ရှိရပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ဖိုင်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများဖြစ်သည့် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖိုင်နှစ်နှင့်အထက်သက်ကြီးရွယ်အိုများ၊ ဆင်းရဲသောအမျိုးသမီး/မုဆိုးဖို ဦးဆောင်သောအိမ်ထောင်စုများ မရှိကြောင်း တွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု						
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ငှက်ဖျားရောဂါ						
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ		✓			✓	
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု						
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်		✓		✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်
အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)
လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာတွင် လျှပ်တပြတ်ချောင်းရေကြီးခြင်းနှင့် သောက်သုံးရေအရင်းအမြစ်ရှားပါးခြင်း တို့သည် ကျေးရွာအပေါ် ထိခိုက်သက်ရောက်မှုအနည်းငယ်ကြုံရပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းနှင့် ကျေးရွာအပေါ် ထိခိုက်သက်ရောက်မှု အသင့်အတင့်ကြုံတွေ့ရပါသည်။ လွန်ခဲ့သောနှစ်တွင် ကိုဗစ်-၁၉ကပ်ရောဂါကာလတွင် ကျေးရွာ၌ လူဦးရေတစ်ဝက်ခန့်ကူးစက်ခံရသော်လည်း ကာကွယ်ထိန်းချုပ်မှု အစီအမံများ စွမ်းဆောင်နိုင်မှုအားကောင်းခြင်းကြောင့် အသက်ဆုံးရှုံးမှုများမရှိပါ။ သို့သော် စီးပွားရေးနှင့် စားဝတ်နေရေးအတွက် အလုပ်အကိုင်များပေါ် ထိခိုက်သက်ရောက်မှု အသင့်အတင့် ကြုံတွေ့ရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်			✓			✓
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု						
၃	ဆင်းရဲသားတောင်သူ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျော ောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓			✓	
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ		✓			✓	
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ		✓			✓	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များကြောင့် လူငယ်များ ထိခိုက်မှုဒဏ်ကို အများဆုံးခံရပြီး လက်လုပ်လက်စားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ စျေးရောင်းသူများနှင့် ကားမောင်းပြီး အသက်မွေးသူများသည် ထိခိုက်မှုဒဏ် အသင့်အတင့်ခံရသည့်အုပ်စု ဖြစ်ပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာမီးလင်းရေးကော်မတီ	၁☐၂☑၃☐	၄		၆	ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐
၂	ကာလသား/ကာလသမီးများအဖွဲ့	၁☐၂☑၃☐	၁၅	၁၀	၂၅	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐
၃	ဘုန်းကြီးကျောင်းေကာ်မတီ	၁☐၂☐၃☑	၁၀	-	၁၀	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၄	စာသင်ကျောင်းကော်မတီ	၁☐၂☑၃☐	၆	၆	၁၂	ပညာရေး☑ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐
၅	ဓမ္မသုခပဋ္ဌာန်းအဖွဲ့	၁☐၂☐၃☑	၇		၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၆		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၇		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး၊ ပညာရေး၊ သာရေး/နာရေး၊ လုံခြုံရေးလုပ်ငန်းများကို ကျေးရွာရာအိမ်မှူး၊ လူငယ်များနှင့် ကျေးရွာတွင်းလူထုအဖွဲ့အစည်းများမှ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာတွင်းရှိအဖွဲ့အစည်းများသည် ၎င်းတို့၏လုပ်ငန်းတာဝန်များစွမ်းဆောင်နိုင်မှု အားကောင်းကြောင်း တွေ့ရှိရပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	UNDPချေးငွေအဖွဲ့	၁□၂□၃□၄☑၅□၆□၇□	ပညာရေး□ငွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑
၂	Allience ချေးငွေအဖွဲ့	၁□၂☑၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	Procimttyချေးငွေအဖွဲ့	၁□၂☑၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄	ဓမ္မစကူးလ်ဖောင်ဒေးရှင်း	၁☑၂□၃□၄□၅□၆□၇□	ပညာရေး☑ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၅	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဋ္ဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဋ္ဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများနှင့် ကျေးရွာလူမှုဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သော ထောက်ပံ့ငွေများအား ကျေးရွာပြင်ပအဖွဲ့အစည်းများဖြစ်သည့် UNDP၊ Allicene နှင့် Procimityချေးငွေအဖွဲ့တို့မှလည်းကောင်း၊ ကျေးရွာရှိကလေးငယ်များ ပညာရေးကဏ္ဍဖွံ့ဖြိုးရေးတွင် ဓမ္မကူးဖောင်ဒေးရှင်းအဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းလက်လှမ်းမီမှုရှိသောကျေးရွာ ဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၄၄	-	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၈၆	၁၉	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၇	၂	တောင်သူငယ်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၄	၅ကေမှ၁၂.၅ကေကြား	၂	-	တောင်သူလတ်
၅	၁၂.၅ကေအထက်	-	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၁၃၉	၂၁	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးအသက်မွေးဝမ်းကျောင်းပြုကြသည့် ကျေးရွာဖြစ်သော်လည်း စိုက်ပျိုးမြေတိုးချဲ့၍မရနိုင်ခြင်းတို့ကြောင့် အိမ်ထောင်စု(၉၆)စုမှာ စိုက်ပျိုးမြေအနည်းငယ်စီသာပိုင်ဆိုင်ကြပြီး အိမ်ထောင်စု(၄၄)စုသည် မြေယာမဲ့များ ဖြစ်ကြပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ကော)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	၅၇.၉	တစ်နှစ်ပတ်လုံး□ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ□မရှိ☑မဖြေဆိုပါ□	လျော့☑တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ	၅၂.၅၄	တစ်နှစ်ပတ်လုံး☑ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့☑ တိုး□ အပြောင်းအလဲမရှိ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာတွင် စိုက်ပျိုးမြေများအား သန်းတောင် တောင်ကျချောင်းရေနှင့် အင်လေးကန်ရေတို့ဖြင့် ရေသွင်းစိုက်ပျိုးရပြီး အင်းလေးကန်ရေအသုံးပြုသည့်စိုက်ခင်းများသည် တစ်နှစ်ပတ်လုံး စိုက်ပျိုး၍ရနိုင်သဖြင့် ရေလုံလောက်မှုရှိသော်လည်း သန်းတောင် တောင်ကျချောင်းဖြင့် စိုက်ပျိုးသည့် စိုက်ခင်းများသည် ရာသီအလိုက်သာစိုက်ပျိုးနိုင်သည့်အပြင် ရေလုံလောက်မှုမရှိပါ။ လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေနှင့် နှိုင်းယှဉ်ပါက ချောင်းရေနှင့် အင်းလေးကန်ရေသည် လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၅၇.၉	တင်း	၄၅	၆၀	၅၅	မတ်	ဇွန်	မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑နိမ့်☐
ခရမ်းသီး	၁၂.၅	တင်း	၈၀	၁၂၀	၉၀	မေ	အောက်	မြင့်☑လတ်☐နိမ့်☐	မြင့်☑လတ်☐နိမ့်☐	မြင့်☑လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာတွင် စပါးနှင့်ခရမ်းချဉ်သီးတို့ကို အဓိကစိုက်ပျိုးကြပါသည်။မိုးကောင်း၍ သန်းတောင် တောင်ကျချောင်းရေးပေါသောနှစ်တွင် စပါးအထွက်နှုန်းကောင်းပါသည်။ ခရမ်းချဉ်သီးများမှာ ရာသီဥတု အပြင် သွင်းအားစုနှင့် ဈေးကွက်ဝယ်လိုအားပေါ်မူတည်၍ အထွက်နှုန်းနှင့် အမြတ်ရရှိမှု ကွာခြားကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	-	-	-	-
လက်တွန်းထွန်စက်	၅	-	-	၉၀
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၆	-	-	၈၉
ရေစုပ်စက်	၁၀	-	-	၃၀
ခြေနင်းရေတင်စက်	-	-	-	-

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
မြက်ရိတ်စက်	၄၉	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာတွင် အများစုသည် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသဖြင့် လယ်ယာသုံးခေတ်မီစက်ကိရိယာအသင့်အတင့်ပိုင်ဆိုင်ပါသည်။ ဆင်းရဲသောတောင်သူများသည် နီးစပ်ရာတွင် ငှါးရမ်း၍စိုက်ပျိုးလုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း☐ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☑မဖြေဆိုပါ☐**
စိုက်ပျိုးရေအရင်းအမြစ်	**ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐**
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူရနိုင်သည်☑ ရနိုင်သည်☐ မဖြေဆိုပါ☐**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐**
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐**
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	**ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐**

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ရေမဲပင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်နှင့် သီးနှံအထွက်နှုန်းတိုးတက်ရန်အတွက် ရေမြေရာသီဥတုသည် အသင့်အတင့်ရှိပြီး မြေဩဇာအသုံးချနိုင်မှုအားကောင်းခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများနှင့် လုပ်သားများ၊ ချေးငွေများရရှိနိုင်ခြင်းစသည့် အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း□ရာသီဥတုမမှန်□မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည်☑ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□ ပလပ်မြေများရှိသည်□ ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☑ လုံးဝမရ□ မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ□ မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☑လုံးဝမရ□ မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑
